## အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များ

သို့ - မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ

မှ - Ms. Rachael Knight – rachaelknight@namati.org နှင့် Ms. Laura Goodwin – lauragoodwin@namati.org

နေ့စွဲ - ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၀)ရက်။

အမျိုးသားမြေအသုံးချမှုမူဝါဒမူကြမ်းအား ပါဝင်မှတ်ချက်ပြုရန် အခွင့်အလမ်းရခြင်းအတွက် Namati မှ လွန်စွာနှစ်ထောင်းအားရဖြစ်ရပါသည်။ ဤမူဝါဒကြမ်းသည် မြန်မာနိုင်ငံအတွင်းရှိ ရပ်ရွာနှင့်လူထုအတွက် မြေယာအသုံးပြုမှုအား ပိုမိုအာမခံချက်ပေးနိုင်ရေး အရေးကြီးသောမူဘောင်တစ်ခုချမှတ်ခြင်းဖြစ်ပြီး၊ အမျိုးသားမြေယာဥပဒေနှင့် နောက်ဆက်တွဲဟန်ချက်ညီမှုများအတွက်လည်း ချိတ်ဆက်လမ်းညွှန်ရာရောက်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ထွန်းမှုသည် ကျေးလက်ဒေသများအား ဖယ်ချန်ထားခြင်းမရှိဆိုသည်ကို သေချာစေပြီး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ၎င်းတို့အား အဓိကနေရာတွင် ထည့်သွင်းစဉ်းစားရာရောက်ပေသည်။ မူကြမ်း၏ အပိုင်း (၇)တွင် တိုင်းရင်းသားတို ့၏ မိရိုးဖလာ မြေယာအခွင့်အရေးများအား အမျိုးသား၊ အမျိုးသမီးများ ရပ်ရွာ စသည်တို့အား ထည့်သွင်းလျှက် အသိအမှတ်ပြုထားသည်ကို တွေ့ရသည့်အတွက်လည်း နှစ်ခြိုက်ရပါသည်။ အပိုင်း(၃) မြေယာငှားရမ်းခြင်းတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာဆန်းစစ်မှု၊ ဆွေးနွေးမှုများဖြင့် အလေးထားကာကွယ်ရန်ထည့်သွင်းထားခြင်းအားလည်း ထောက်ခံအပ်ပါသည်။ အပိုဒ်(၃၆)တွင် သင့်လျော်သည့် လေ့လာမှု၊ ပူးပေါင်းပါဝင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အချိန်လုံလောက်မှုရရှိစေရန် မြေအငှားချထား ခြင်းအား ဆိုင်းငံ့စေခြင်းသည်လည်း ကောင်းမွန်လှပါသည်။ အလားတူစွာ အလားအလာကောင်းတစ်ခုအဖြစ် အပိုဒ် (၅၆)တွင် လူနည်းစုမျိုးနွယ်စုပိုင် မြေအား လွှဲပြောင်းရယူခြင်းအား ကာကွယ်ပေးထားသည်ကို တွေ့ရပါသည်။ ထိုကိစ္စရပ်များအပေါ် အာရုံထားရှိမှုအတွက် ကော်မတီအား ကျွန်ုပ်တို့မှ ချီးမွမ်းအပ်ပါသည်။

ခြုံငုံရပါက မူကြမ်းသည် ရပ်ရွာမြေယာအခွင့်အရေးများ၊ အမျိုးသမီးအခွင့်အရေးများ၊ တိုင်းရင်းသားအခွင့်အရေးများ၊ ပတ်ဝန်းကျင်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အား အကာအကွယ်ပေးရန် အလားအလာကောင်းများရှိပါသည်။ Namati အနေဖြင့် မူကြမ်းပြုစုသူများနှင့် မူဝါဒချမှတ်သူများ၏ ဆုံးဖြတ်ချက်ချမှုများ အပြည့်အဝထိရောက်မှန်ကန်မှုအား အလေးထားလျှက် အကြံပြုချက်အချို့အား ရိုးသားစွာ ပေးပို့အပ်ပါသည်။

အကြံပြုလိုသည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ အဓိကအသုံးအနှုန်းများအား အဓိပ္ပါယ်ဖွင့်ဆိုထားသောအခန်း ပါရှိရန်။

၂။ မြန်မာနိုင်ငံအတွင်း မည်ကဲ့သို့ မြေယာပိုင်ဆိုင် အသုံးပြုသည်ဆိုသည်အား ပြန်လည်သုံးသပ်သည့်အခန်း ပါရှိရန်နှင့်၊ မည်သူသည် မည်သည့်အခွင့်အရေးတို့အား လက်ကိုင်ပြုနိုင်သည်တို့ ပါ ပါရှိရန်။

၃။ မူဝါဒတွင် အမျိုးသမီးများနှင့် အင်အားနည်းသည့်အစုအဖွဲ့ များ၏ မြေယာအသုံးပြုမှု အာမခံချက်အား အလေးထားမြှင့်တင်သည့် ရည်မှန်းချက်များ ပါဝင်သည့် အခန်းအား ထင်သာမြင်သာ စဉ်းစားထည့်သွင်းရန်။

၄။ နိုင်ငံသားအားလုံး၏ မြေယာလုပ်ကိုင်ခွင့် အာမခံချက်အား အကာအကွယ်ပေးခြင်း အပါအဝင်၊ မူဝါဒ၏ အခြေခံမူများအား ရှင်းလင်း သေချာမှုရှိ စေရန်။

၅။ မြေယာစီမံအုပ်ချုပ်ရေးတွင် အဆင့်တိုင်း၌ အရာရှိများ၏ တာဝန်ဝတ္တရားနှင့် ဆောင်ရွက်ရန်များအား ရှင်းလင်းဖော်ပြထားရန်။

၆။ ဘုံမြေများခွဲဝေမှုအား အကာအကွယ်ပေးရန်နှင့် မြေအမျိုးအစားသတ်မှတ်ခြင်းအား ခွင့်ပြုပေးရန်။

၇။ မှတ်တမ်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ရပ်ရွာမြေယာအခွင့်အရေးအား ဦးစားပေးမှုအဖြစ် ရှင်းရှင်းလင်းလင်း ထည့်သွင်းဖော်ပြရန်။

၈။ လယ်ယာအသုံးပြုမှု စီမံကိန်း ရေးဆွဲစဉ်တစ်လျှောက်လုံးအတွက် ရပ်ကွက်ကျေးရွာအဆင့်မှ အစပျိုးဆောင်ရွက်ရန်။

၉။ အပိုင်း (၂) အခန်း (၃) တစ်ဦးချင်းစီ၏ မြေယာသုံးစွဲမှု အပြောင်းအလဲ လျှောက်ထားခြင်းများအတွက် အကာအကွယ်ပေးခြင်းများ ထည့်သွင်းရန်။

၁၀။ ရပ်ရွာအစုအဖွဲ့ မြေအသုံးပြုခြင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ စီမံခန့်ခွဲပိုင်ခွင့်တို့ အတွက် ထိရောက်သည့် အကာအကွယ်ပေးမှုများ အလေးထားရန်။

၁၁။ အမျိုးသားမြေအသုံးချမှုကောင်စီအတွက် အစီရင်ခံခြင်းလုပ်ထုံးလုပ်နည်းများ ဖော်ထုတ်နိုင်ရန်၊ လွတ်လပ်သည့်ကော်မရှင်သို့ မဟုတ် လုပ်ငန်းအဖွဲ့ တစ်ခု ခွင့်ပြုပေးရန်။

**ဤအချက်များအား အောက်တွင် အကျယ်ဖော်ပြထားပါသည်။**

**၁။ အဓိကအသုံးအနှုန်းများအား အဓိပ္ပါယ် ဖွင့်ဆိုထားသော အခန်းပါရှိရန်။**

အပိုဒ်(၁) မစမီတွင် ဖတ်ရှုသူတို့အတွက် ရှင်းရှင်း လင်းလင်း ဖြစ်စေမည့်၊ အချက်အချာကျသော စကားအသုံးအနှုန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ထည့်သွင်းခြင်းဖြင့် မူဝါဒအား ပိုမို အားကောင်း ခိုင်မာစေပါမည်။

**၂။ မြန်မာနိုင်ငံအတွင်း မည်ကဲ့သို့ မြေယာပိုင်ဆိုင်အသုံးပြုသည်ဆိုသည်အား ပြန်လည်သုံးသပ်သည့်အခန်း ပါရှိရန်နှင့်၊ မည်သူသည် မည်သည့်အခွင့်အရေးတို့ အား လက်ကိုင်ပြုနိုင်သည်တို့ ပါရှိရန်။**

နိုင်ငံအတွင်း မြေယာအား အတန်းအစား ခွဲပုံနှင့် ပိုင်ဆိုင်ပုံတို့အား ပထမဦးစွာ ရှင်းရှင်းလင်းလင်းထည့်သွင်း ဖော်ပြထားပါက ဤမူဝါဒအတွက် ကြီးစွာသောအကျိုးကျေးဇူး ရရှိစေမည်ဖြစ်ပါသည်။ မြေယာအားလုံးအား နိုင်ငံတော်မှပိုင်ဆိုင်သည် ဆိုပါက ဤမူဝါဒတွင် ရှင်းလင်းစွာ ဖော်ပြရန်နှင့် မြေယာနှင့် ပတ်သက်သည့် နိုင်ငံသားအခွင့်အရေးများအားလည်း ဖော်ပြသင့်ပါသည်။ တစ်ဦးချင်းစီနှင့် မိသားစုများသည် လွတ်လပ်စွာပိုင်ဆိုင်မှု၊ ဂုရမ်းပိုင်ဆိုင်မှု သို့မဟုတ် သုံးစွဲစီမံခွင့် ရထားရုံမျှသာ ဖြစ်ပါသလား။ သုံးစွဲစီမံခွင့် အထောက်အထားများအဖြစ် တစ်ဦးတည်း အမည်မဟုတ်ဘဲ ခင်ပွန်းနှင့် ဇနီး အမည် နှစ်ခုစလုံး ပါနိုင်ပါသလား။ အစုအဖွဲ့ များ၊ ရပ်ရွာများမှ သုံးစွဲစီမံခွင့် ရှိနိုင်ပါသလား။ နိုင်ငံသားမဟုတ်သည့် ရင်းနှီးမြှုပ်နှံသူများက ဘယ်လိုအခွင့်အရေးတွေ လက်ဝယ်ရှိနိုင်ပါသလဲ။ မြေယာအသုံးပြုခွင့် လက်မှတ် ရယူသည့်အခါ တိုင်းရင်းသားမျိုးနွယ်စုတွေရော ပုံမှန်လုပ်ထုံးလုပ်နည်းနဲ့ တူညီသော အခွင့်အရေးများ ရရှိနိုင်ပါမည်လား။ မြေအသုံးပြုမှုအာမခံချက်အား ဟန့်တားနေသည့် အရာများအား ရှင်းလင်းစွာ ဖော်ပြခြင်းသည် အမျိုးသားမြေအသုံးချမှု မူဝါဒအား အခြေခံကျကျ အတည်ပြုပေးနိုင်ရေး ပံ့ပိုးရာရောက်ပါသည်။

**၃။ မူဝါဒတွင် အမျိုးသမီးများနှင့် အင်အားနည်းသည့်အစုအဖွဲ့ များ၏ မြေယာအသုံးပြုမှု အာမခံချက်အား၊ အလေးထားမြှင့်တင်သည့် ရည်မှန်းချက်များပါဝင်သည့် အခန်းအား ထင်သာမြင်သာ စဉ်းစားထည့်သွင်းရန်။**

မူကြမ်းအပိုဒ် (၆)တွင် မူဝါဒရေးရာ ရည်မှန်းချက်များမှာ "နိုင်ငံ၏ သဘာဝအရင်းအမြစ်များဖြစ်သည့် မြေယာသုံးစွဲမှု၊ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ အား ဟန်ချက်ညီညီ အကျိုးရှိစေခြင်းဖြင့် နိုင်ငံသားတို့ ၏ မြေယာသုံးစွဲခွင့်အား ကာကွယ်ရန်နှင့် မြေယာစီမံအုပ်ချုပ်ရေးစနစ်များအား တိုးတက် ကောင်းမွန်လာစေရန်" ဟု ဖော်ပြထားပြီး၊ ထပ်မံဖြည့်သွင်းနိုင်သည့် ရည်မှန်းချက်များမှာ-

- *"တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့၏မြေပေါ်တွင် ဆက်လက်နေထိုင်စေခြင်း၊ ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ သဘာဝအရင်းအမြစ်တို့အား ၎င်းတို့ကိုယ်တိုင်စီမံစေခြင်းနှင့် ၎င်းတို့ရွေးချယ်သည့် အသက်မွေးဝမ်းကြောင်းမှုများအား ရှင်သန်ဖွံ့ဖြိုးစေခြင်းဖြင့် ယဉ်ကျေးမှု မတူကွဲပြားခြင်းအား ထိန်းသိမ်းရန်"*
- *"နိုင်ငံတစ်ဝှမ်း ကျေးရွာများရှိ ၎င်းတို့အတွက် အာမခံချက်ရှိသည့် ဘုံမြေများတွင် ဒေသစီးပွားရေးများ ခိုင်မာစေခြင်းဖြင့် ၎င်းတို့ မိသားစုများ၏ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် အစားအစာ၊ ဆေးဝါးနှင့် လိုအပ်သော ပစ္စည်းများကို ရှာဖွေ စုဆောင်းခွင့်ပြုလျှက် ရပ်ရွာလူထု၏ ဘုံအရင်းအမြစ်များအား တမျှစွာ လက်လှမ်းမီစေခြင်းအား ကာကွယ်ရန်"*

- *"အမျိုးသမီးများ၏ မြေယာအခွင့်အရေးများ[1] အာမခံချက်ကြောင့် မိသားစုများ အလားအလာကောင်းမွန်နေခြင်း"*
- *"မြန်မာပြည်သူတစ်ရပ်လုံး အစားအစာနှင့် ဖူလုံလောက်စွာ ရရှိနေခြင်း"*

တနည်းအားဖြင့် ထိုကဲ့သို့ သောရည်မှန်းချက်များသည် အပိုဒ် (၉)နှင့် အပိုဒ် (၁၀)တို့ တွင် ပါရှိရန်ဖြစ်ပါသည်။

## ၄။ နိုင်ငံသားအားလုံး၏ မြေယာလုပ်ကိုင်ခွင့် အာမခံချက်အား အကာအကွယ်ပေးခြင်း အပါအဝင်၊ မူဝါဒ၏ အခြေခံမူများအား သေချာမှုရှိစေရန်။

မူကြမ်းပါအခြေခံမူများမှာ လွန်စွာကောင်းမွန်ပြီး မူကြမ်းပြုစုသူများအား များစွာချီးမွမ်းအပ်ပါသည်။ သို့ သော် အပိုဒ်(၉)နှင့်(၁၀)ပါ အချက်များ မည်သို့ ကွာခြားနေသည်ကို မရှင်းပါ၊ နှစ်ပိုဒ်စလုံးသည် မူဝါဒ၏အဓိကမူများကိုညွှန်းဆိုပါသည်။ အောက်ပါ အတိုင်း ပုဒ်ခွဲအချို့ ထပ်မံဖြည့်စွက်လျှက် အပိုဒ် (၉) နိဒါန်းပိုင်းအား ပြောင်းလဲမှုပြုလုပ်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် နိဒါန်းပျိုးမှု ဖြစ်စေလိုပါသည်။

ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသေချာစေရေး၊ ထိရောက်သည့်ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ အမျိုးသမီးများ တိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြားအင်အားနည်း၍ ထိခိုက်လွယ်သူများအပါအဝင် အားလုံးအတွက်ညီမျှသော အခွင့်အရေးနှင့် တရားမျှတမှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများဆက်တိုက်ဝင်ရောက်နေမှု၊ လူမှုရေးဟန်ချက်ညီမှုနှင့် မြေယာပြဿနာ ဖြေရှင်းခြင်း၊ မြေယာသုံးစွဲမှု အာမခံချက်ခိုင်မာရေးနှင့် နိုင်ငံသားအားလုံးအတွက် မရွှေ့ပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်များ စသည်တို့ တွင် အမျိုးသား မြေအသုံးချမှုမူဝါဒသည် ....

ထို့ နောက် အပိုဒ်(၉)နှင့်(၁၀)အား ပေါင်းလိုက်ခြင်းဖြင့် မူဝါဒတွင် မမြင်သာသော အခြေခံမူများ ပို၍ရှင်းလင်းသွားမည်ဖြစ်သည်။ (ဉပမာအနေဖြင့် အပိုဒ် (၉-က) နှင့် အပိုဒ် (၁၀-င) တို့ သည်အလွန်ဆင်တူသည့်အတွက် ပေါင်းနိုင်မည်ဖြစ်သည်။)

## ၅။ မြေယာစီမံအုပ်ချုပ်ရေးတွင် အဆင့်တိုင်း၌ အရာရှိများ၏ တာဝန် ဝတ္တရားနှင့် ဆောင်ရွက်ရန်များအား ရှင်းလင်းဖော်ပြထားရန်။

အပိုဒ်(၁၈)တွင် ပြည်ထောင်စုအစိုးရ၊ အမျိုးသားမြေအသုံးချမှုကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ ခရိုင်မြေ အသုံးချမှု ကောင်စီများ စသည်တို့ ၏ တာဝန်ရပ်များအား စီတန်းဖော်ပြထားပါသည်။ အရေအတွက်နှင့် ထည့်သွင်းဖော်ပြထားသည်မှာ လွန်စွာ ကောင်းမွန်သော်လည်း ပိုမိုသဘောပေါက်နားလည်စေခြင်းဖြင့် အင်အားနည်း၍ထိခိုက်လွယ်သည့်အစုအဖွဲ့ တို့ ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအတွက် လုံခြုံစိတ်ချရမှုအား သေချာစေပါလိမ့်မည်။ ဉပမာ အောက်ပါအချက်တို့ ထပ်မံဖြည့်သွင်းရန် အကြံပြုလိုပါသည်။

- "မြေယာမှတ်ပုံတင်ရာတွင် အမျိုးသမီးအခွင့်အရေးများနှင့်၊ မိသားစုများအတွင်း အမွေနှင့် မြေယာလွှဲပြောင်းခြင်း တို့ အတွက် အကာအကွယ်ပေးရန်များ သေချာမှုရှိစေခြင်း"

---

[1] လေ့လာချက်များမှတွေ့ ရှိရသည်မှာ အမျိုးသမီးအမည်နှင့် သို့ မဟုတ် နှစ်ဦးအမည်နှင့် ဆောင်ရွက်ခြင်းကြောင့် ရလာဒ်ကောင်းများစွာရရှိပြီး အမျိုးသမီးများ၏မြေယာအခွင့် အရေးအား အာမခံချက်ရစေပါသည်။

- ပီရူးနိုင်ငံရှိမြို့ ပြပ်ုကျနေထိုင်သူများတွင် မြေယာနှင့်ပတ်သက်၍ ဇနီးနှင့်ခင်ပွန်း နှစ်ဦးအမည်ဖြင့်ထားရသည့်အတွက် အမျိုးသမီးများ၏မျိုးပွားမှုနှုန်း ၂၂%လျော့ကျခဲ့ပြီး၊ မိသားစုဝင်တစ်ဦး တည်း အမည်ဖြင့်ထားခြင်းထက် မျိုးပွားမှုနှုန်း နှစ်ဆလျော့ကျခြင်း (၂၀၀၃) ဖြစ်သည်။
- နီပေါနိုင်ငံတွင် အမျိုးသမီးအမည်ပေါက်စီမံချက်ကြောင့် အမျိုးသမီးမြေယာအခွင့်အရေးဆိုင်ရာများ၊ အမျိုးသမီးတို့ ၏လူမှုစီးပွားစွမ်းဆောင်လိုစိတ်များ၊ ကလေးများ ကျန်းမာရေးစသည်တို့ တွင် အပြုသဘောဆောင်လက်တွဲဆောင်ရွက်မှုများတွေ့ ရှိရပြီး၊ ထိုကဲ့သို့ အာမခံနိုင်မှုနှင့် ပုံစံကျနသည့်လယ်ယာ အမည်ပေါက်စနစ်တို့ သည် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း တို့ တွင် မြင်သာသည့်တိုးတက်မှုများ ရရှိစေခဲ့ပါသည် (Allendorf 2007)။
- အိန္ဒိယနိုင်ငံ ပန်ဂျပ်တွင် အမျိုးသမီးအမည်ပေါက်အစီအစဉ်ကြောင့် အမျိုးသမီးများသည် မိမိတို့ ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ပိုမိုနားလည်အာရုံထားမှုတိုးပွား စေပြီး၊ ၄င်းတို့ ခွင့်မပြုဘဲ ခင်ပွန်းမှ လယ်အား တစ်ဦးတည်းရောင်းချရန်ဆောင်ရွက်ပါက တရားရုံးတွင် ၄င်းတို့ ၏ အခွင့်အရေးများဖော်ထုတ်ရန်အတွက် စွမ်းဆောင်မှုတိုးတက်လာစေပါသည်(Datta 2006)။
- အိန္ဒိယနိုင်ငံ ဂူဂျာရပ်တွင် အမျိုးသမီးအမည်ပေါက်လယ်ယာအစီအစဉ်ကြောင့် အမျိုးသမီးများသည် ၄င်းတို့ ၏လယ်မြေပေါ်တွင် ကိုယ်တိုင်ရင်းနှီးဆောင်ရွက် လိုမှုများ တိုးတက်လာခဲ့ပါသည် (Baruah 2007)။
- ပူးတွဲအမည်ပေါက်အစီအစဉ်ကြောင့် ဘရာဇီးနိုင်ငံရှိ မြို့ ပြပ်ုကျနေထိုင်သူများတွင် မိသားစုအရွယ်အစားအားလျှော့ချနိုင်ခဲ့ပြီး၊ အမျိုးသမီးများ၏မျိုးပွားမှုနှင့် တစ်အိမ်တည်းနေ အိမ်ထောင်ကွဲမိသားစုအရေအတွက်အနည်းငယ်ပါ လျှော့ချနိုင်ခဲ့ပြီး ကလေးများ၏ပညာရေးရလာဒ်များပါမြှင့်တင်နိုင်ခဲ့သည် (Galiani and Schargrodsky 2005)။

- "မြေယာလွှဲပြောင်းရောင်းဝယ်ခြင်းနှင့် အခြားရင်းနှီးမြှုပ်နှံမှုစီမံချက်များတွင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ပါဝင်စေပြီး၊ မြေယာနှင့် ရပ်ရွာသဘာဝအရင်းအမြစ် အခွင့်အရေးများအတွက် အကာအကွယ်ပေးရန်"
- "ဥပဒေနှင့် တရားရေးစနစ်အတွင်း လူမှုလူတန်းစားမရွေး၊ မြေပိုင်ဆိုင်မှု အနည်းအများနှင့် အခြားမည်သည့်အခြေအနေပေါ်တွင်မျှ အခြေမခံဘဲ နိုင်ငံသားအားလုံး၏ မြေယာနှင့်သဘာဝအရင်းအမြစ် အခွင့်အရေးများအတွက် တန်းတူညီမျှ အကာအကွယ်ပေးထားမှု သေချာစေရန်"
- "မြေယာလွှဲပြောင်းရောင်းဝယ်မှုမှန်သမျှအား ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ တသမတ်တည်းရှိရန်တို့အား သေချာမှု ရှိစေရန်"

သက်ဆိုင်ရာအဖွဲ့ အစည်းများသည် မည်ကဲ့သို့ ဆက်နွယ်မှုရှိသည်ကို အသေးစိတ်ဖော်ပြခြင်းဖြင့် မူဝါဒအား ပိုမိုအားကောင်းစေနိုင်ပါသည်။ ဥပမာ - မြေယာ စီမံအုပ်ချုပ်ရေးအဆင့်ဆင့်သည် နောက်တစ်ဆင့်မြင့်သူတို့အား မည်ကဲ့သို့တာဝန်ခံမှုရှိသည်အား ရှင်းလင်းဖော်ပြထားခြင်းမျိုးဖြစ်ပါသည်။ ၄င်းတွင် မည်သည့်အဆင့်သည် လုပ်ပိုင်ခွင့်မည်မျှရှိသည်တို့ ပါဝင်ပါမည်။

## ၆။ ဘုံမြေများခွဲဝေမှုအား အကာအကွယ်ပေးရန်နှင့် မြေအမျိုးအစားသတ်မှတ်ခြင်းအား ခွင့်ပြုပေးရန်။

အပိုဒ်(၁၉)တွင် ရပ်ရွာမှရည်ရွယ်ချက် အမျိုးမျိုး (ထင်း၊ အလေ့ကျသီးနှံများ၊ ဟင်းသီးဟင်းရွက်၊ ဆေးနှင့်ပျားရည်၊ အမဲလိုက်ခြင်း၊ ကျေးလက်အိမ်ဆောက်ပစ္စည်းများ) အတွက် အသုံးပြုသော မြေအတန်းအစားများမပါဝင်ပါ။ မြေမဲ့ယာမဲ့နှင့် အဆင်းရဲဆုံး ကျေးလက်မိသားစုများသည် အခြေခံအသက်ရှင်ရပ်တည်ရေးအတွက် ထိုမြေအတန်းအစားများအပေါ်မှီခိုနေရပါသည်။ အောက်မြန်မာပြည် မြေနှင့်အခွန်လက်စွဲ (၁၉၁၁)တွင် ထိုမြေအတန်းအစားများအဖြစ်သုံးနိုင်ရန် 'ရွာဘုံမြေ' ဟုသုံးစွဲထားပြီး၊ ၄င်းမြေများအားစီမံခန့်ခွဲရန်ကောင်းမွန်သည့်အစီအစဉ်များချမှတ်ထားပါသည်။ မူကြမ်းတွင် ထိုမြေအမျိုးအစားများမပါရှိခြင်းသည် လူသန်းများစွာ၏ အသက်မွေးဝမ်းကြောင်းမှုနှင့် နေ့စဉ်အသက်ရှင်ရပ်တည်ရေးအတွက် အခက်အခဲ များဖြစ်စေနိုင်ပြီး၊ ထင်းနှင့် သဘာဝဆေးများကဲ့သို့ သေးမွှားသည့် လိုအပ်ချက်များကိုပင် လက်လှမ်းမမှီနိုင်တော့ဘဲ မိသားစုများသည် ပိုမို ခက်ခဲဆင်းရဲလာနိုင်ပါသည်။

၄င်းအားဖြေရှင်းရန် အပိုဒ် ၁၉ (ဂ နှင့် ဆ) အား ပယ်ဖျက်ပြီး၊ ပို၍သဘောပေါက်နားလည်လွယ်သော "ဘုံမြေ"၊ "ရွာမြေ" သို့မဟုတ် "အစုအဖွဲ့ပိုင်မြေ" အဖြစ် ၄င်းနှစ်ခုအားပေါင်းရန် အကြံပြုအပ်ပါသည်။ ထိုအမျိုးအစားသတ်မှတ်မှုသည် အများပိုင်မြေအား ရပ်ရွာမှ သုံးစွဲပိုင်ခွင့်အတွက် ပိုမိုကျစ်လစ်သည့် ဥပဒေရေးရာ လမ်းညွှန်မှုဖြစ်ပြီး၊ ရပ်ရွာမှ တရားမျှတစွာနှင့် ရေရှည်အတွက် သုံးစွဲစီမံနိုင်ရန် ဥပဒေနှင့် ပံ့ပိုးဆောင်ရွက်ပေးရာရောက်ပါသည်။

စိုက်ပျိုးမှုပုံစံများ ပြောင်းလဲခြင်းသည်လည်း မြေယာများပိုမိုကာကွယ်ရာရောက်သည့် အပြောင်းအလဲဖြစ်ပါသည်။ ၄င်းမြေများအား မြေလွတ် မြေလပ်များဟုခေါ်ဆိုခြင်းသည် (က) ရပ်ရွာ၏တောင်းဆိုမှုများအတွက် ဥပဒေကြောင်းအရ ဖြေလျှော့ပေးခြင်းနှင့် (ခ) ရေရှည် စီမံခန့်ခွဲနိုင်ရန် ရပ်ရွာအဖွဲ့ဝင်များအား တာဝန်ယူစေခြင်း စသည့် ဥပဒေရေးရာအကျိုးသက်ရောက်မှုများရှိပါသည်။

ရပ်ရွာမှ ၄င်းတို့ ကိုယ်တိုင်ရွေးချယ်ဆောင်ရွက်သည့် - မြေမဲ့မိသားစုများအားနေရာချထားခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား မြေငှားရမ်းခြင်း၊ ဘုံမျှဝေသုံးစွဲရန် ထိန်းသိမ်းထားခြင်း၊ ဒေသကျန်းမာရေးမြှင့်တင်ရန်သုံးစွဲခြင်း၊ စီပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်ရွာအား မြေသုံးစွဲခွင့် အာဏာပေးကာ 'ကျေးရွာဘုံမြေ' သို့မဟုတ် 'အစုအဖွဲ့ပိုင်မြေ' အတွက် ရပ်ရွာပိုင်မြေစီမံခန့်ခွဲမှုစွမ်းရည် မြင့်မားလာရန်ဖြစ်သည်။ အလားတူစွာ "တိုင်းရင်းသား မျိုးနွယ်များနှင့် ဒေသခံများအတွက် ၄င်းတို့၏ယဉ်ကျေးမှုနှင့် ဘာသာရေး ယုံကြည်မှု အစီအစဉ်များ ဆောင်ရွက်ရန် အရေးပါသည့် မြေနေရာ စဉ်းစားလက်ခံထားသည့်အတွက် အပိုဒ် ၁၉ (ဇ) တွင် ကြိုးပြင်ကာကွယ် ထားသည့် မြေများအား ဘာသာရေးဆိုင်ရာ အစီအစဉ်များအတွက် အကာအကွယ်ပေးရန်ဖြစ်ပါသည်။

## ၇။ မှတ်တမ်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ရပ်ရွာမြေယာအခွင့်အရေးအား လုပ်ပိုင်ခွင့်အခွင့်အရေးအဖြစ် ရှင်းလင်းစွာ ထည့်သွင်းဖော်ပြရန်။

အပိုဒ် ၂၃ (က)သည် လွန်စွာကောင်းမွန်လှပါသည်။ မြေယာလုပ်ကိုင်ခွင့်၊ ရေလုပ်ငန်းနှင့် သစ်တောစသည်တို့အတွက် တာဝန်ရှိသော အုပ်ချုပ်သူများအတွက် လမ်းညွှန်ချက်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။ အကောင်းဆုံးအကျိုးငှာ အောက်ပါအချက်အား ထည့်သွင်းစေလို ပါသည်။

"နိုင်ငံတော်တွင်မှတ်ပုံတင်ထားခြင်း၊ အထောက်အထားရှိခြင်း၊ တရားဝင်အသိအမှတ်ပြုထားခြင်းများ မရှိသေးသည့်တိုင် ရေရှည်စွဲကိုင် လာခဲ့သည့် ရိုးရာနှင့်ဒေသဆိုင်ရာထုံးတမ်းများအား ဥပဒေအရ တရားဝင်အသိအမှတ်ပြုခြင်းဖြင့် ရပ်ရွာမှ မြေများအား ပိုင်ဆိုင် သုံးစွဲ စီမံခန့် ခွဲ ရန်"

ထပ်လောင်း၍ ဥပဒေအရ မြေယာလုပ်ကိုင်ခွင့် အခွင့်အရေးများနှင့် မိရိုးဖလာ ပါးစပ်ရာဇဝင်နှင့် မြေလုပ်ကွက် အထောက်အထားတို့ ဖြင့် လည်း မူဝါဒမှ ခွင့်ပြုပေးရန်ဖြစ်ပါသည်။ အခြားသော နိုင်ငံတွင်းရှိ မြေယာဥပဒေနှင့် မူဝါဒများသည်လည်း နှုတ်မှုရေးရာ အထောက်အထား၊ ဗိသုကာ အထောက်အထားနှင့် မြေအညွှန်းအထောက်အထားတို့ အားလည်း ကြာမြင့်စွာသော မြေယာတောင်းဆိုမှုများအတွက် လုံလောက်သော သက်သေများအဖြစ် ခွင့်ပြုထားပါသည်။ စာရွက်စာတမ်းမဟုတ်သည့် အထောက်အထားများအား လက်ခံခွင့်ပြုခြင်းသည် မိရိုးဖလာလယ်ယာလုပ်ကိုင်ခွင့်အတွက် လုံလောက်သည့်သက်သေဖြစ်ပြီး၊ ဆင်းရဲသားမိသားစုများနှင့် ကျေးလက်ဒေသများ အတွက် လယ်ယာလုပ်ကိုင်ခွင့်အား အင်အားဖြည့်ဆည်းပေးရာရောက်ပါသည်။

အခြားအပိုဒ်များတွင် ရပ်ရွာလယ်ယာလုပ်ကိုင်ခွင့်အာမခံချက် ပိုမိုခိုင်မာမှုရှိစေရန်-

- အပိုဒ် ၂၂(ဃ)အား အဖွဲ့ အစည်းများအဓိပ္ပါယ်ဖွင့်ဆိုမှုအောက်တွင် ရပ်ရွာမြေယာအခွင့်အရေးများထည့်သွင်းပြင်ဆင်ရန်ဖြစ်ပြီး၊ "တစ်သီးပုဂ္ဂလအားလုံး၊ ဥပဒေနှင့်အညီဖွဲ့ စည်းထားသည့်အဖွဲ့ အစည်းများ၊ မြေယာသုံးစွဲခွင့်အခွင့်အရေးများအား ပိုင်ဆိုင်စီမံနေသည့် အဖွဲ့ များနှင့် လူနည်းစုလူများစု တိုင်းရင်းသားအစုအဖွဲ့ အားလုံးတို့ သည် တူညီသောအခွင့်အရေး.........ရှိသည်။

- အပိုဒ် ၂၇တွင် - လက်ရှိ အသုံးပြုနေသူ၏အခွင့်အရေးများအား ပိုမိုတိကျသောစကားရပ်ဖြစ်သည့် လက်ရှိသုံးစွဲနေသော မြေလွတ်မြေလပ်ဖြစ်သည့် ဘုံမြေများအား ရပ်ရွာမှသုံးစွဲခွင့် ဟုပြောင်းလဲရန်ဖြစ်ပါသည်။ အတည်ပြုနိုင်ရန် အတွက် စာသားအား "[အဆိုပြုထားသော ခရိုင်အဆင့်မြေအသုံးချမှုအစီအမံများသည်] လက်ရှိ အမျိုးသမီး၊ အမျိုးသားများနှင့် ရပ်ရွာ၏ မြေသုံးစွဲခွင့် အခွင့်အရေးများအပေါ် ဖုန်နယ်အတွက်သုံးရန်ဖြစ်စေ၊ သီးခြားလျှောက်ထားခြင်းအတွက်ဖြစ်စေ အကျိုးသက်ရောက်မှုမရှိစေရပါ" ဟု ပြောင်းလဲရန်ဖြစ်ပါသည်။

- အပိုဒ် ၂၉(ခ) သည်လွန်စွာကောင်းမွန်လှပါသည်။ ပိုမိုရှင်းလင်းဖော်ပြပေးစေလိုသည်မှာ "ခရိုင်အဆင့်စီမံခန့် ခွဲသူများသည် အမျိုးသမီး၊ အမျိုးသားများနှင့် ရပ်ရွာလူထု၏ မြေအား တစ်ဆက်တည်းအသုံးပြုခြင်း၊ မြေယာစီမံခန့် ခွဲမှုနှင့် မြေယာ လုပ်ကိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတို့ အား မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ ကာကွယ်ပေးရမည်။

- အပိုဒ် (၃၁) တွင် ရပ်ရွာအစုအဖွဲ့ ပိုင်မြေ၊ ဘုံမြေ၊ ရွာမြေ စသည်ဖြင့် မြေအမျိုးအစားများ ထည့်သွင်းပြင်ဆင်ရပါမည်။ ၎င်း အမျိုးအစားတွင် စားကျက်မြေပါဝင်ပါသည်။ တောင်ယာအမျိုးအစားအတွက် ရိုးရာဓလေ့စိုက်ပျိုးရိတ်သိမ်းနည်း၊ အလှည့်ကျသီးနှံစိုက်ပျိုးနည်းများလည်း ပါဝင်သင့်ပါသည်။ သို့ မှသာ သုံးစွဲမှုမရှိသည့်မြေများ မည်မျှကြာမြင့်နေသည်ကို သိရှိနိုင်ပါမည်။

## **၈။ လယ်ယာအသုံးပြုမှု စီမံကိန်း ရေးဆွဲစဉ်တစ်လျှောက်လုံးအတွက် ရပ်ကွက်ကျေးရွာအဆင့်မှ အစပျိုးဆောင်ရွက်ရန်။**

မူဝါဒ၏ အခန်း(၂) စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်းတွင် ကျေးလက်ဒေသအားလုံးအတွက် အလွန်ကောင်းမွန်သည့် အပြောင်းအလဲအတွက် အခြေခံများချမှတ်ထားပါသည်။ သို့ သော်လက်ရှိစီမံကိန်းရေးဆွဲနေခြင်းအား ပြုပြင်ရန်အကြံပြုပါသည်။ သို့ မှသာ ရပ်ရွာအဆင့်မှ စတင်နိုင်မည်ဖြစ်ပြီး၊ ကျေးလက်လူထု၏လိုအပ်ချက်များ၊ အကြံဉာဏ်များ၊ ထင်မြင်ချက်များပါဝင်ပြီး ပူးပေါင်းပါဝင်မှု အားကောင်းသည့် လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာ ရောက်ပါမည်။ ရပ်ရွာမှအစပျိုးမှုသည် မြေ အသုံးချမှု စီမံကိန်းများ၏ အရည်အသွေးအား တိုးတက်ကောင်းမွန်စေနိုင်ပါသည်။ ခရိုင်အရာရှိများသည် ပညာရပ်ပိုင်းဆိုင်ရာ အသိကြွယ်နိုင်သော်လည်း၊ ဒေသ၏ အသက်ရှင်နေထိုင်မှုနှင့် ၎င်းတို့ ၏ အသက်မွေးဝမ်းကြောင်းမှုများနှင့်ပတ်သက်သော ဂေဟဗေဒနှင့် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ သိနားလည်မှုတို့ များစွာ ရှိမနေနိုင်ပါ။

ဥပမာ - အပိုဒ် ၂၄(ဂ)တွင် "အထက်ပါလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ပါက ရပ်ရွာအတွင်း အမျိုးသမီး၊ အမျိုးသားများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လယ်ယာအသုံးပြုမှုမြေပုံဆွဲခြင်း" တို့ထက်၊ စာသားသည် ရပ်ရွာအဆင့်တွင် မည်သည့်တာဝန်များရှိသည်ကို -

> "ရပ်ရွာအတွင်းရှိ အမျိုးသမီးနှင့် အမျိုးသားတို့သည် လက်ရှိအခြေအနေအားထင်ဟပ်သည့် လက်ဝယ်ရှိမြေယာနှင့် သဘာဝ အရင်းအမြစ် အသုံးချမြေပုံအား ရေးဆွဲရမည်။ နောင်တွင် ၎င်းတို့၏မြေယာများနှင့် သဘာဝအရင်း အမြစ်တို့အား ရပ်ရွာမှ မည်ကဲ့သို့ အသုံးချ မည်ဆိုသည့် ရည်ရွယ်ချက်အားပံ့ပိုးရန်ဖြစ်ပြီး၊ ၎င်းရည်ရွယ်ချက်နှင့်အညီ မြေအသုံးချမှုစီမံကိန်းအား ဖော်ထုတ်ရပါမည်။ ထို့နောက် ခရိုင်အရာရှိများသည် မြေအသုံးပြုမှုမြေပုံ၊ ဖုန်သတ်မှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ပူးတွဲ အကောင်အထည် ဖော်ခြင်းတို့အား စည်းရုံးနှိုးဆော်၍ ရပ်ရွာ၏စီမံကိန်းမူကြမ်းအား ပံ့ပိုး ပါမည်"

၎င်းသည် အပိုဒ်(၃၂)တွင်ဖော်ပြထားသည့် အဆင့်အလိုက်ဆောင်ရွက်ရန်များအား ရှေ့နောက်ပြောင်းရန်လိုပါသည်။ ပူးပေါင်း ပါဝင်မှုပိုမို အားကောင်းမှုအနေဖြင့် "ခရိုင်မှ မြေအသုံးချမှုဇုန်များအဖြစ် အဆိုပြုရေးဆွဲထားသော မြေအသုံးပြုမှုဇုန်များ" ၏ ရှေ့တွင် ရပ်ရွာမှ ဆောင်ရွက်ရန် လုပ်ငန်းစဉ်သည် "ကျေးရွာတိုင်းရပ်ကွက်တိုင်းမှ သတင်းများ" ဖြင့် အစပျိုးမည်ဖြစ်သည်။ အစိုးရအရာရှိများ ပြုလုပ်ထားသည့် ခရိုင်ရှိမြေပုံများအား ရပ်ရွာများမှ နှစ်ကြိမ်အတည်ပြုဆန်းစစ်ခြင်းအစား၊ ရပ်ရွာမြေပုံများအား အစိုးရအရာရှိများမှ နှစ်ကြိမ်အတည်ပြု စစ်ဆေးရန်ဖြစ်ပါသည်။ ၎င်းပြောင်းလဲမှုသည် မြေအသုံးပြုမှုစီမံကိန်းလုပ်ငန်းစဉ်တွင် ရပ်ရွာအား ၎င်းတို့ကိုယ်တိုင် အကောင်အထည်ဖော်သူများဖြစ်စေပြီး၊ အောက်ပါတို့အတွက် ပံ့ပိုးနိုင်ပါသည်။

- ဒေသ၏လိုအပ်ချက်များ ဦးစားပေးမှုများနှင့်အညီ ရပ်ရွာကိုယ်တိုင် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးမှုဖြစ်စေခြင်း၊
- မိမိရပ်ရွာအတွက် မိမိ၌တာဝန်ရှိသည်ဆိုသည့်အမြင်အားကြီးထွားစေပြီး၊ မြေအသုံးပြုမှုစီမံကိန်း လုပ်ငန်းစဉ်တွင် အဆင်မပြေမှုများ လျော့နည်းစေခြင်း၊
- မြေအသုံးပြုမှုစီမံကိန်းများသည် ဒေသ၏ဂေဟဗေဒဖြစ်တည်မှုနှင့် ပိုမိုကိုက်ညီကာ၊ ဂေဟဗေဒကွဲပြားမှုများနှင့် ပိုမိုထိန်းသိမ်းကာကွယ်ခွင့်တို့ကြောင့် အခြားရလာဒ်ကောင်းများရှိခြင်း၊

ထိုကဲ့သို့သော ရပ်ရွာကိုယ်တိုင် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်သည် လက်ရှိနှင့်အသစ်ဖြစ်လာမည့် မြေအသုံးပြုမှု စီမံကိန်းများ တိကျသေချာစေရန် သတင်းအချက် အလက်များ ရရှိစေပါလိမ့်မည်။

ယခုလုပ်ငန်းစဉ်သည် ကျေးရွာများနှင့် ရပ်ကွက်များအတွက် ပြန်လည်သုံးသပ်စရာ၊ ပြင်ဆင်စရာ၊ ရေရှည်တည်တန့်စေမည့် ရပ်ရွာစည်းမျဉ်းစည်းကမ်းမူကြမ်း၊ မျှတသော ဒေသဆိုင်ရာ မြေယာနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု တို့အတွက် ရည်ညွှန်းစရာတစ်ခု ဖြစ်နိုင်ပါသည်။ ရပ်ရွာများမှကိုယ်တိုင်အကောင်အထည်ဖော်ပြီး အစိုးရတာဝန်ရှိသူများမှ ပံ့ပိုးမှုပေးခြင်းဖြင့် ဒေသတွင်းဇုန်သတ်မှတ် ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များသည် နိုင်ငံ၏ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ကျေးလက်ဒေသများအားပံ့ပိုးရန် အကောင်းဆုံး အချိန်ခါဖြစ်ပါသည်။ အမျိုးသမီးများနှင့် အခြားအင်အားနည်း၍ ထိခိုက်လွယ်သူများ၏ မြေယာအခွင့်အရေးများအားကာကွယ်ပေးရန် စည်းမျဉ်းဥပဒေများချမှတ်ခြင်း၊ ဦးဆောင်ဦးရွက်ပြုသူများအား တာဝန်ခံစေနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသလယ်မြေများအား မျှဝေအသုံးပြုရန်စီမံကိန်းများအား ရပ်ရွာလူထုနှင့် တိုင်ပင်အတည်ပြုသည့် ယန္တရားဖန်တီးနိုင်ခြင်းတို့အားလည်း အကောင်အထည် ဖော်နိုင်ပါမည်။

အပိုဒ် (၃၂)တွင် ရပ်ရွာလူထုသည် ၎င်းတို့၏မြေများတွင် ဇုန်သတ်မှတ်ခြင်း၊ စီမံကိန်းချထားခြင်းတို့မဆောင်ရွက်လိုပါက ရပ်ရွာမှ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။ မူဝါဒတွင် အောက်ပါအတိုင်းရှင်းလင်းစွာ ရေးသားရန် ဖြစ်ပါသည်။ "ရပ်ရွာမြေပေါ်တွင် စက်မှုဇုန်များ၊ သတ္တုကဏ္ဍ၊ သစ်ခုတ်ခြင်း၊ အခြားလုပ်ငန်းများအတွက် လုပ်ကိုင်ခွင့်ပြုခြင်း၊ မပြုခြင်းအား ရပ်ကွက်နှင့် ကျေးရွာများတွင် ဆုံးဖြတ်ခွင့်ရှိသည်။ ဇုန်စီမံကိန်းများအား ရပ်ကွက်နှင့်ကျေးရွာများမှ ကန့်ကွက်နိုင်ပြီး မြေအသုံးချမှုစီမံကိန်းအား နှစ်ဦးနှစ်ဖက်သဘောတူလက်ခံပြီးသည်အထိ ပြင်ဆင်မှုများပြုလုပ်ရပါမည်"

အလားတူစွာ အပိုင်း(၇)၊ တိုင်းရင်းသားများ၏ မြေအသုံးချမှုအခွင့်အရေးများ အပိုဒ် (၆၉) တွင် ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ပံ့ပိုးကူညီမှုဖြင့် မြေအသုံးပြုမှုမြေပုံရေးဆွဲရန်၊ ကျေးရွာ ရပ်ကွက်များတွင် စီမံကိန်းများနှင့် မှတ်တမ်းများအား ရပ်ရွာ သို့ပေးရန် မူလတာဝန်များချထားသင့်ပါသည်။

**၉။ အပိုင်း (၂) အခန်း (၃) တစ်ဦးချင်းစီ၏ မြေယာသုံးစွဲမှု အပြောင်းအလဲ လျှောက်ထားခြင်းများအတွက် အကာအကွယ်ပေးခြင်းများ ထည့်သွင်းရန်။**

အပိုဒ် (၃၃)တွင် "သတိပြုရန်" ၏အဓိပ္ပါယ်အား ပိုမိုရှင်းလင်းစွာဖော်ပြရန်လိုပါသည်။ မြေအသုံးပြုမှုပြောင်းလဲခြင်းများ အတွက် လူထု၏သိမြင်နိုင်းကြားမှု အားကောင်းခြင်းနှင့် ထိုအပြောင်းအလဲများအတွက် ဆုံးဖြတ်ချက်ချရာတွင် လူထုပူးပေါင်းပါဝင်မှု အားကောင်းရန်ကိုလည်း သေချာစေပါသည်။ ဉပမာ - စားကျက်မြေမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ဆုံးဖြတ်ခြင်းမျိုးသည် လူထု၏ သတိပြုမိမှုနှင့် တိုင်ပင်မှုတို့အတွက် မြင်သာသည့် ခွင့်ပြုပေးခြင်းမျိုးဖြစ်ပါသည်။ ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီ၍ လူထုသိမြင်ပါဝင်မှု ကျယ်ကျယ်ပြန့်ပြန့် ရှိစေရေးအတွက်၊ မူဝါဒတွင်အချို့စာသားများ တိကျစွာထည့်ခြင်းဖြင့် သတိမူမိစေရပါမည်။

အပိုဒ် ၃၄(ခ)နှင့်(ဂ)တို့တွင် ပတ်ဝန်းကျင်ရေးရာဆိုင်ရာ အကျိုးသက်ရောက်မှုစစ်တမ်းများ (EIAs) အား လျှောက်ထားသူမှ ရွေးချယ်ထားသည့် တစ်ဦးတစ်ဖွဲ့တည်းမှ မဆောင်ရွက်ရပါ။ လွတ်လပ်စွာရွေးချယ်ထားသည့် လူမှုအဖွဲ့အစည်းများများရှိ ကျွမ်းကျင်သူနှင့် ရော့နေရော့ရပ်များက အတည်ပြုထောက်ခံသည့် ကျွမ်းကျင်သူများနှင့် ဆောင်ရွက်ရပါမည်။ ထိုသတိပြုရန်အချက်သည် ရင်းနှီးမြှုပ်နှံသူ များနှင့် သက်ဆိုင်ရာအရာရှိများက ငှားရမ်းဆောင်ရွက်သည့် ပညာရှင်များအတွက် ဘက်လိုက်မှုမရှိသည့် တွေ့ရှိချက်များရရှိစေပါမည်။

**၁၀။ ရပ်ရွာအစုအဖွဲ့ မြေအသုံးပြုခြင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ စီမံခန့်ခွဲပိုင်ခွင့်တို့အတွက် ထိရောက်သည့် အကာအကွယ် ပေးမှုများ အလေးထားရန်။**

အပိုဒ် (၇၂)သည် တိုင်းရင်းသားလူမျိုးစုများ၏ လယ်ယာအခွင့်အရေးများအား ကောင်းစွာ အကာအကွယ် ပေးထားပါသည်။ တိုင်းရင်းသား အစုအဖွဲ့တိုင်းမှ သဘောတူလက်ခံထားသည့် ဒေသကျင့်ထုံးစည်းမျဉ်းများအရ လက်ဝယ်ရှိပြီး စီမံခန့်ခွဲ၊ ကြီးကြပ်လုပ်ဆောင်လျှက်ရှိရာ ၎င်းတို့၏မြေများအား ရပ်ရွာပိုင်မြေအဖြစ် အမျိုးအစားသတ်မှတ်ပေးစေလိုပါသည်။ ထို့အပြင် နှစ်ပေါင်း များစွာ (၂၅နှစ်-နှစ်၅၀) ကြာမြင့်စွာ ပိုင်ဆိုင်လုပ်ကိုင်လာသည့် တိုင်းရင်းသားလူမျိုးများ၏ မြေများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ချထား ပေးနေခြင်းအား ဆိုင်းငံ့ထားရန် အကြံပြုလိုပါသည်။ သို့မှသာ ၎င်းတို့၏ရပ်ရွာအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများ ကျယ်ကျယ်ပြန့်ပြန့် အမှန်ဖြစ်လာစေရန်နှင့် ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ၎င်းတို့ကိုယ်တိုင် စွမ်းဆောင်ဆောင်ရွက်သွားစေနိုင်ရန်ဖြစ်ပါသည်။

**၁၁။ အမျိုးသားမြေအသုံးချမှုကောင်စီအတွက် အစီရင်ခံခြင်းလုပ်ထုံးလုပ်နည်းများ ဖော်ထုတ်နိုင်ရန်၊ လွတ်လပ်သည့်ကော်မရှင် သို့မဟုတ် လုပ်ငန်းအဖွဲ့တစ်ခု ခွင့်ပြုပေးရန်။**

အကြံပြုလိုသည်မှာ အပိုဒ်၈၀(ခ)တွင် အမျိုးသားမြေအသုံးချမှုကောင်စီအား အစီရင်ခံခြင်းအတွက် လိုအပ်သည်များ ပြင်ဆင် ပေးနိုင်ရန် လွတ်လပ်သည့်ကော်မရှင် သို့မဟုတ် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်ဟု ပြင်ဆင်ရန်ဖြစ်ပါသည်။ အထူးသဖြင့် ဗဟိုအဆင့်မှ မိမိတို့အား အစီရင်ခံရန် မိမိတို့ကိုယ်တိုင် မချမှတ်မပြင်ဆင်သင့်ပါ၊ လာဘ်ပေးလာဘ်ယူမှု၊ မသမာမှုအား ရည်ရွယ်ကြံစည်မှု၊ ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့်ဖြစ်သည်။ လွတ်လပ်သည့်လုပ်ငန်းအဖွဲ့သည် ၎င်းရည်ရွယ်ချက် အထမြောက်အောင်မြင်ရန် အမျိုးသားမြေ အသုံးချမှုကောင်စီ၏ အထက်နှင့်အောက် အပြန်အလှန် အစီရင်ခံရန် လိုအပ်ချက်များအတွက် ဦးဆောင်စုစည်းပေးရပါမည်။

***

အထက်ပါအကြံပြုချက်များအား ရိုးသားစွာတင်ပြအကြံပြုအပ်ပါသည်။ ယခုကဲ့သို့ မူကြမ်းတစ်စောင်ထွက်လာအောင် အားထုတ် ကြိုးပမ်းမှု အတွက်လည်း မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီအား အထူးပင်လေးစားမိပါသည်။ မြေယာအသုံးချမှု မူကြမ်းသည် အကြိတ်အနယ်ပိုင်းသို့ရောက်လာပြီဖြစ်သော်လည်း နိုင်ငံတွင်း တစ်ဦးချင်းစီနှင့် ရပ်ရွာပိုင်မြေများ၊ သဘာဝအရင်း အမြစ်ဆိုင်ရာ အခွင့်အရေးများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကာအကွယ်ပေးနိုင်မည့် မူဝါဒတစ်ခု မြန်မာနိုင်အတွင်း ပေါ်ထွက်လာမည်ဟု ယုံကြည်မိပါသည်။